## 4 နေရပ်လိပ်စာ (နေထိုင်သည့်နေရာ)၊ အိမ်ထောင်စုဝင်အပြောင်းအလဲ အကြောင်းကြားခြင်း

နေထိုင်သူမှတ်တမ်းတင်သည့်နေရပ်လိပ်စာနှင့် အိမ်ထောင်စုဝင်အပြောင်းအလဲရှိလာပါက မြို့နယ်သို့ အကြောင်းကြားရမည်။ အကြောင်းကြားရမည့်ကာလကို သတ်မှတ်ထားသောကြောင့် အချိန်မှီ ဆောင်ရွက်ရမည်ဖြစ်သည်။ အခြေခံအားဖြင့် ကာယကံရှင် သို့မဟုတ် အိမ်ထောင်ဦးစီးမှ မြို့နယ်ရုံးသို့ အကြောင်းကြားရမည်။

### 4-1 နေရပ်လိပ်စာပြောင်းလဲသည့်အချိန်

ကာလရှည်၊ကာလလတ်နေထိုင်သူများသည် နေရပ်လိပ်စာပြောင်းလဲသည့်အချိန်တွင် "နေရပ်သစ်သို့ ပြောင်းရွှေ့ခြင်း" "နေရပ်သစ်သို့ ဝင်ရောက်ခြင်း" "အိမ်ပြောင်းခြင်း" အကြောင်းကြားများကို ပြုလုပ်ရန် လိုအပ်ပါသည်။ ထို့အပြင် "နိုင်ငံခြားသားနေထိုင်သူလိပ်စာပြောင်းလဲခြင်း အကြောင်းကြားစာ" ကိုပါ ဆောင်ရွက်မည်။ သို့သော်ငြားလည်း ဒေသသစ်သို့ဝင်ရောက်ခြင်းနှင့် အိမ်ပြောင်းခြင်းများကို ပြုလုပ်သည့်အခါတွင် နေထိုင်သူမှတ်တမ်းတင်ထားသူများ အားလုံး၏ နေထိုင်ခွင့်ကတ်ပြားများကို တင်ပြမည်ဆိုလျှင် "နိုင်ငံခြားသား နေထိုင်သူလိပ်စာ အကြောင်းကြားစာ"ကို တင်သွင်းရန်မလိုပါ။ အောက်တွင် အကြောင်းကြားခြင်းနှင့်ဆိုင်သည့် အခြေခံ လုပ်ငန်းစဉ်များကို ရှင်းလင်းထားသည်။

### (1) နေရပ်သစ်သို့ ပြောင်းရွှေ့ခြင်း

နေရပ်သစ်သို့ မပြောင်းရွှေ့မီ နေထိုင်လျက်ရှိသော မြို့နယ်ရုံးသို့ အိမ်ပြောင်းရွှေ့ခြင်းကို အကြောင်းကြားရမည်။ ၎င်းကိုပြုလုပ်လျှင် ထောက်ခံစာ ကို ထုတ်ပေးမည်ဖြစ်သည်။

| အကြောင်းကြားခွင့်ရှိသူ | လိုအပ်သည့် စာရွက်စာတမ်း (ဥပမာ) | အကြောင်းကြားရန်/ စုံစမ်းမေးမြန်းရန် | မည့်သည့်အချိန်မှ၊ မည်သည့်အချိန်အထိ | ဆောင်ရွက်ခ |
|---|---|---|---|---|
| 1 *ကာယကံရှင် သို့မဟုတ် အိမ်ထောင်ဦးစီး*<br>2 *နေထိုင်သူမှတ်တမ်းဝင် တစ်ဦးဦး*<br>3 *ကာယကံရှင်၏ ကိုယ်စားလှယ်* | 1 နေရပ်သစ်ရွှေ့ပြောင်းခြင်းအကြောင်းကြားလွှာ (ပုံစံသည်မြို့နယ်ရုံးတွင်ရှိသည်။)<br>2 မြို့နယ်ရုံးသို့လာရောက်အကြောင်းကြားသူ၏ | လက်ရှိနေထိုင်လျက်ရှိသော မြို့နယ်ရုံး (စာတိုက်မှ အကြောင်းကြားစာပို့ခြင်းဖြင့် အကြောင်းကြားနိုင်သည်။) | နေရပ်သစ်သို့ မပြောင်းရွှေ့မီ | အခမဲ့ |

| | | | | |
|---|---|---|---|---|
| | မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား။<br><br>3<ကိုယ်စားလှယ်ဖြင့် အကြောင်းကြားပါက> ကာယကံရှင်ကိုယ်တိုင် ရေးသော ကိုယ်စားလှယ်လွှဲစာ။ | | | |

**(2) နေရပ်သစ်သို့ ဝင်ရောက်ခြင်း နှင့် နေထိုင်သည့်နေရာအပြောင်းအလဲအား အကြောင်းကြားခြင်း**

နေထိုင်လျက်ရှိသည့် မြို့နယ်မှ အခြားမြို့နယ်သို့ နေရပ်လိပ်စာ ပြောင်းလဲမည့်အချိန်တွင် ပြောင်းရွှေ့ပြီးရက်မှစ၍ ၁၄ ရက်အတွင်း လိပ်စာသစ်ဖြစ်သည့် မြို့နယ်ရုံး၌ "နေရပ်သစ်သို့ဝင်ရောက်ခြင်း" နှင့် လိပ်စာပြောင်းလဲခြင်းကို အကြောင်းကြားရန်

| အကြောင်းကြားခွင့်ရှိသူ | လိုအပ်သည့် စာရွက်စာတမ်း (ဥပမာ) | အကြောင်းကြားရန်နေရာ/ စုံစမ်းမေးမြန်းရန်နေရာ | မည့်သည့်အချိန်မှ၊ မည်သည့်အချိန်အထိ | ဆောင်ရွက်ခ |
|---|---|---|---|---|
| | | | | |
| 1 *ကာယကံရှင် သို့မဟုတ် အိမ်ထောင်ဦးစီး*<br><br>2 *ကာယကံရှင်၏ အိမ်ထောင်စုဝင် တစ်ဦးဦး*<br><br>3 *ကာယကံရှင်၏ ကိုယ်စားလှယ်* | 1 နေရပ်သစ်ဝင်ရောက်ခြင်း အကြောင်းကြားလွှာ (ပုံစံသည်မြို့နယ်ရုံး တွင်ရှိသည်။)<br><br>2 နေထိုင်သူမှတ်တမ်းတွင် မှတ်တမ်းတင်ထားသူ အားလုံး၏ နေထိုင်ခွင့်ကတ်ပြား (နိုင်ငံခြားသားမှတ်ပုံတင် ကတ်ပြားအပါအဝင်) | နေရာသစ်တည်ရှိသော မြို့နယ်ရုံး။ | နေရာသစ်တွင် စတင်နေထိုင်သည့် ရက်မှ ၁၄ ရက်အတွင်း | အခမဲ့ |

## A နေထိုင်ခွင့်စီမံခန့်ခွဲခြင်းစနစ်သစ်၊နိုင်ငံခြားသားနေထိုင်သူမှတ်တမ်းစနစ် (※2012.7.9မှ စတင်ကျင့်သုံးသည်။)



| | | | | |
|---|---|---|---|---|
| | 3 <ယခင်ကတည်းက တည်ရှိခဲ့သည့် နေအိမ်သို့ ပြောင်းရွှေ့ဝင်ရောက် မည်ဖြစ်ပါက အိမ်ထောင်ဦးစီး မှအပ ကျန်လူများသည်><br>အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံကို သက်သေပြနိုင်သည့် စာရွက်စာတမ်း<br>4 ဒေသသစ်သို့ ရွှေ့ပြောင်းခြင်း ထောက်ခံလွှာ။ (ယခင်နေထိုင်ခဲ့သည့်နေရာ၏ မြို့နယ်ရုံးမှ ထုတ်ပေးသော)<br><br>5 မြို့နယ်ရုံးသို့လာ အကြောင်းကြားသူ၏ မည်သူမည်ဂါဖြစ်ကြောင်း အထောက်အထား။<br><br>6 <ကိုယ်စားလှယ်ဖြင့် အကြောင်းကြားပါက> ကာယကံရှင်ကိုယ်တိုင် ရေးသော ကိုယ်စားလှယ်လွှဲစာ။ | | | |

* နေရပ်နေရာသစ်၏ လိပ်စာအား နေထိုင်ခွင့်ကတ်ပြားတွင် ရေးသားဖော်ပြပေးရန်လိုအပ်သည်။ ထိုဆောင်ရွက်ခြင်းကို မြို့နယ်ရုံးတွင်ပြုလုပ်ရန်။ အကယ်၍ ပျောက်ဆုံးနေပါက ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးတွင် အသစ်ထပ်မံထုတ်ပေးရန် လျှောက်ထားရမည်။

### (3) အိမ်ပြောင်းခြင်း နှင့် နေထိုင်သည့်နေရာအပြောင်းအလဲအား အကြောင်းကြားခြင်း

လက်ရှိနေထိုင်လျက်ရှိသော မြို့နယ် အတွင်း၌သာလျှင် အိမ်ပြောင်းမည်ဆိုပါက မြို့နယ်၏ ကောင်စီရုံးတွင် အိမ်ပြောင်းရွှေ့ခြင်းနှင့် လိပ်စာအပြောင်းအလဲကို အကြောင်းကြားရန်။

| အကြောင်းကြားခွင့်ရှိသူ | လိုအပ်သည့် စာရွက်စာတမ်း (ဥပမာ) | အကြောင်းကြားရန်နေရာ/ စုံစမ်းမေးမြန်းရန်နေရာ | မည့်သည့်အချိန်မှ၊ မည်သည့်အချိန်အထိ | ဆောင်ရွက်ခ |
|---|---|---|---|---|
| 1 *ကာယကံရှင် သို့မဟုတ် အိမ်ထောင်ဦးစီး*<br><br>2 *ကာယကံရှင်၏ အိမ်ထောင်စုဝင် တစ်ဦးဦး*<br><br>3 *ကာယကံရှင်၏ ကိုယ်စားလှယ်* | 1 အိမ်ပြောင်းခြင်း အကြောင်းကြားလွှာ (ပုံစံသည်မြို့နယ်ရုံး တွင်ရှိသည်။)<br><br>2 နေထိုင်သူမှတ်တမ်းတွင် မှတ်တမ်းတင်ထားသူ အားလုံး၏ နေထိုင်ခွင့်ကတ်ပြား (နိုင်ငံခြားသားမှတ်ပုံတင် ကတ်ပြားအပါအဝင်)<br><br>3 <ယခင်ကတည်းက တည်ရှိခဲ့သည့် နေအိမ်သို့ ပြောင်းရွှေ့ ဝင်ရောက် မည်ဖြစ်ပါက အိမ်ထောင်ဦးစီး မှအပ ကျန်လူများသည်> အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံကို | နေရာသစ်တည်ရှိသော မြို့နယ်ရုံး။ | နေရာသစ်တွင် စတင်နေထိုင်သည့် ရက်မှ ၁၄ ရက်အတွင်း | အခမဲ့ |

| | | | | |
|---|---|---|---|---|
| | သက်သေပြနိုင်သည့်<br>စာရွက်စာတမ်း<br><br>4 မြို့နယ်ရုံးသို့လာ<br>အကြောင်းကြားသူ၏<br>မည်သူမည်ဝါဖြစ်<br>ကြောင်း အထောက်<br>အထား။<br><br>5 <ကိုယ်စားလှယ်ဖြင့်<br>အကြောင်းကြားပါက><br>ကာယကံရှင်ကိုယ်တိုင်<br>ရေးသော<br>ကိုယ်စားလှယ်လွှဲစာ။ | | | |

* နေရပ်နေရာသစ်၏ လိပ်စာအား နေထိုင်ခွင့်ကတ်ပြားတွင် ရေးသားဖော်ပြပေးရန်လိုအပ်သည်။ ထိုဆောင်ရွက်ခြင်းကို မြို့နယ်ရုံးတွင်ပြုလုပ်ရန်။ အကယ်၍ ပျောက်ဆုံးနေပါက ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးတွင် အသစ်ထပ်မံထုတ်ပေးရန် လျှောက်ထားရမည်။